Volume 4 / Issue 7 / July / 2011
Enjoy free reading from B.C.F

# † Newsletter - သတင်းလွှာ

## မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

(အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်)



## လွတ်လပ်ရေး အထိမ်းအမှတ်နေ့

လွတ်လပ်ရေး/လွတ်လပ်ခြင်း ... ဆိုသည်မှာ၊ သူတပါး၏ အချုပ်အချယ် – ဩဇာလွှမ်းမိုးမှု အောက်မှလွတ်၍ အမှီအခိုကင်းစွာ သီးခြားရပ်တည်နိုင်သည့် အခြင်းအရာကို ဆိုလိုသည်။

လူအများသူငှါ သိကြသည့်အတိုင်း ဇွန်လိုင်လ၊ (၄)ရက်နေ့သည် အမေရိကန်ပြည်ထောင်စု၏ လွတ်လပ်ရေး အထိမ်းအမှတ်နေ့ဖြစ်သည်။ ထိုနည်းတူ ဇန်နဝါရီလ၊ (၄)ရက်နေ့သည်လည်း ကျွန်ုပ်တို့၏ မွေးရပ်ဌါနီအမိမြေဖြစ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး အထိမ်းအမှတ်နေ့ဖြစ်သည်။ ကမ္ဘာပေါ်ရှိတိုင်းနိုင်ငံအများသည် မိမိတို့နှင့်သက်ဆိုင်ရာ လွတ်လပ်ရေး အထိမ်းအမှတ်နေ့အသီးသီးရှိကြပါသည်။

ကနဦးမူလအစ နေရင်းတိုင်းရင်းသားတို့နှင့် နယ်မြေလုရာမှသော်၎င်း၊ တိုင်းတပါးသား ကိုလိုနီနယ်ချဲ့တို့၏အုပ်ချုပ်မှု အောက်မှသော်၎င်း၊ လွတ်လပ်ပြီ ... လွတ်ပြီ ... ကျွတ်ပြီ ... ဒါဒို့ပြည် ... ဒါဒို့မြေ၊ ဒို့ပိုင်တဲ့မြေ အဖြစ်သို့ လက်ဝယ်ပိုင်ဆိုင်ခွင့်ကို ပြန်လည်ရရှိ၍၊ အောင်ပွဲခံရာနေ့ဖြစ်သောကြောင့် အတိုင်းမသိပျော်ရွှင်ကြသည်။ အလွန်ဝမ်းမြောက်ကြပါသည်။

အမေရိကန်ပြည်ထောင်စု၌၊ လွတ်လပ်ရေးနေ့ကိုဆင်နွဲကျင်းပရာတွင် အပျော်အပါးသက်သက်၊ အစားသက်သက်နှင့် မီးရှူးမီးပန်းများဖေါက်လွှင့်ကာ အပျော်ကျူးခြင်းထက် ရှေးလွန်လေပြီးသောနှစ်ပေါင်း (၂၃၅)နှစ်အထက်က ဖြစ်ပွါးခဲ့သော တိုက်ပွဲများနှင့် သေကျေပျက်စီးမှုများ၊ အာဖရိကမှ ခေါ်ဆောင်ယူလာသောငွေဝယ်ကျွန်လူမဲများနှင့်ကျွန်စံနစ်ပပျောက်ခြင်း၊ အရင်းရှင်နှင့်လွတ်လပ်သောဒီမိုကရေစီအုပ်ချုပ်ရေး၊ ဖိနှိပ်ခံဘဝမှလွတ်မြောက်ခြင်း၊ အစရှိတို့သည်ဖြင့် အမေရိကန်ပြည်ထောင်စုသည် လွတ်လပ်သောနိုင်ငံအဖြစ် လူ့အခွင့်အရေးများကိုလည်း လွတ်လပ်စွာခံစားရကြောင်းကို အလေးထားရန်လိုအပ်ပါသည်။

Mailing Address- Burmese Christian Fellowship. 11410 Telechron Ave. Whittier, CA 90605
Phone (562) 944-9091 www. bcfla.org



## လွတ်ငြိမ်းချမ်းသာခွင့်

သမ္မာကျမ်းစာမှ ဓမ္မဟောင်းခေတ်တွင် ဣသရေလအမျိုးသားတို့သည် အဲဂုတ္တုမင်း လက်ထက်တွင် ကျပ်တည်းစွာ နှိပ်စက်ညှဉ်းဆဲစေခြင်းကို ခံခဲ့ကြရသည်။ ဣသရေလအမျိုးသားတို့လည်း အစေကျွန်ခံရသောကြောင့် ညည်းတွားငိုကြွေးကြ၏။ ထိုသို့ ငိုကြွေးသောအသံသည် ဘုရားသခင်ထံတော်သို့ တတ်ရောက်လေ၏။ သူတို့ညည်းတွားမြည်တမ်းခြင်းအသံကိုဘုရားသခင်ကြားတော်မူလျှင်၊ အာဗြဟံ၊ဣဇာက်၊ ယာကုပ်နှင့် ပြုခဲ့ဘူးသော ပဋိညာဉ်ကို အောက်မေ့တော်မူ၍၊ ဘုရားသခင်သည်လည်း၊ ဣသရေလအမျိုးသားတို့ကို ကြည့်ရှု၍ သူတို့အမှုကို ဆင်ခြင်တော်မူ၍၊ ဣသရေလ အမျိုးသားတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်ပြီး၊ ခါနနိလူ၊ ဟိတ္တိလူ၊ အာမောရိလူ၊ ဖေရဇိလူ၊ ဟိဝိလူ၊ ယေဗုသိ လူတို့နေရာ၊ နို့နှင့်ပျားရည် စီးတတ်သောပြည်သို့ ပို့ဆောင်တော်မူသောကြောင့် လွတ်မြောက်ခြင်းအခွင့်နှင့် လွတ်လပ်ခြင်းကိုရ၏။

အဲဂုတ္တုပြည်တွင် ဣသရေလအမျိုးတို့ကို မောရှေခေါ်ထုတ်၍ ကျွန်ဘဝမှလွတ်မြောက်ခဲ့၏။ အနန္တတန်ခိုးတော်အရှင် ထာဝရဘုရားသခင်သည် ဣသရေလအမျိုးတို့အား လွတ်ခြင်းအခွင့်ကို ပေး၏။ သို့ရာတွင်၊ ဣသရေလ ဂျူးလူမျိုးတို့သည် စစ်မှန်သောလွတ်ခြင်းကို မရရှိကြပါ။ အဘယ်ကြောင့်ဆိုသော် ကိုးကွယ်မှုလွဲမှား၍၊ ဘုရားစကားပညတ်တော်ကို နာခံလိုက်လျှောက်မှုမရှိသောကြောင့်တည်း။

ဓမ္မသစ်ကျမ်းကာလတွင် ဣသရေလအမျိုး ယုံကြည်သောယုဒလူတို့အား စစ်မှန်သောလွတ်ခြင်းနှင့် ပတ်သက်၍၊–
ယေရှုခရစ်တော်သည် "သင်တို့သည် ငါ၏ဒေသနာ၌ တည်လျှင် ငါ့တပည့် အမှန် ဖြစ်ကြ၏။ သမ္မာတရားကိုလည်း သိကြသဖြင့်၊ ထိုတရားသည် သင်တို့ကို လွတ်လိမ့်မည်" ဟုမိန့်တော်မူ၏။

ယုဒလူတို့ကလည်း၊ "ငါတို့သည် အာဗြဟံအမျိုး ဖြစ်ကြ၏။ အဘယ်သူထံ၌ တရံတခါမျှ ကျွန်မခံကြ။ လွတ်လိမ့်မည်ဟူ၍ သင်သည် အဘယ်သို့ပြောဆိုသနည်း"ဟု ပြန်၍ မေးမြန်းကြ၏။

ယေရှုက "ငါအမှန်အကန်ဆိုသည်ကား၊ ဒုစရိုက်ကို ပြုသမျှသောသူတို့သည် ဒုစရိုက်၏ကျွန် ဖြစ်ကြ၏။ ကျွန်သည်ကား အိမ်၌အစဉ်အမြဲနေသည်မဟုတ်။ သားမူကား အစဉ်အမြဲနေ၏။ ထိုကြောင့် သားသည် သင်တို့ကိုလွတ်လျှင်၊ သင်တို့သည် ဧကန်အမှန် လွတ်ကြလိမ့်မည်"

တဖန်ယေရှုက "သင်တို့သည် သင်တို့၏ အဘတည်းဟူသော မာရ်နတ်မှဆင်းသက်ကြ၏။ သင်တို့အဘ၏ အလိုသို့လည်း လိုက်တတ်ကြ၏။ မာရ်နတ်သည် ရှေ့ဦးစွာမှစ၍ လူအသက်ကို သတ်သောသူဖြစ်၏။ သူ၌ သစ္စာတရား မရှိသောကြောင့် သစ္စာတရား၌မတည်မနေ။ သူသည် မုသာစကားကိုပြောသောအခါ မိမိပကတိအတိုင်း ပြော၏။ မုသာစကား၌ ကျင်လည်သောသူ ဖြစ်၏။ မုသာ၏အဘလည်း ဖြစ်၏"

မာရ်နတ်သည် လူတို့၏ လွတ်လပ်မှုကို အခွင့်ကောင်းယူကာ၊ ဖြားယောင်းသွေးဆောင်သဖြင့်၊ လူအပေါင်းတို့သည် ပြုစားတတ်ခြင်း၊ မတရားသောမေထုန်၌မှိုဝဲခြင်း၊ လူအသက်ကိုသတ်ခြင်း၊ ရုပ်တုကို ကိုးကွယ်ခြင်း၊ သစ္စာပျက်ခြင်းကိုနှစ်သက်၍ပြုခြင်း၊ သူ့မယားကိုပြစ်မှားခြင်း၊ ယောကျ်ားချင်းမေထုန်ကိုပြု ခြင်း၊ ထိုအမှုကိုခံခြင်း၊ လောဘလွန်ကျူးခြင်း၊ သေရည်သေရက်နှင့်ယစ်မူးခြင်း၊ ဆဲရေးကဲ့ရဲ့ခြင်း၊ အနိုင်အ ထက်လုယူခြင်း၊ ညစ်ညူးစွာပြုခြင်း၊ လျှပ်ပေါ်သောစကားဖြင့်လှည့်ဖြားခြင်း၊ခိုးယူလုယူခြင်း၊အနိုင်အထက် ပြုခြင်း၊ ငြင်းခုံခြင်း၊ ရန်တွေ့ခြင်း၊ စသည့် ဒုစရိုက်အမှုများနှင့် ပြည့်သောကြောင့် ကျမ်းစာလာသည်ကား၊ ဖြောင့်မတ်သောသူမရှိ၊ တစ်ယောက်မျှမရှိ။ နားလည်သောသူမရှိ။ ဘုရားသခင်ကို ရှာသောသူမရှိ၊ လူအ ပေါင်းတို့သည် လမ်းလွဲကြပြီ။ တညီတညွတ်တည်း အသုံးမရသောသူဖြစ်ကြပြီ။ ကောင်းသောအကျင့်ကို ကျင့်သောသူမရှိ၊ တစ်ယောက် မျှမရှိ။ ဘုရားသခင့်ရှေတော်၌ အသရေပျက်ကြပြီ။ (ရောမ၊ ၃း၂၃)

ဣသရေလအမျိုးအပါအဝင် ဒုစရိုက်ကို ကျင့်သောသူအပေါင်းတို့သည် မုသာ၏အဘတည်းဟူ သော မာရ်နတ်မှဆင်းသက်၍၊ သေပြစ်ကိုခံထိုက်သည်ဟု ဘုရားသခင်စီရင်တော်မူ၍၊ သေခြင်း၌လမ်းဆုံး ရမည်။

သို့ဖြစ်၍ ဘုရားသခင်သည် လူတို့အပြစ်ကြောင့် မျက်နှာတော်ကို လွှဲစေတော်မူပြီ။လူတို့လက်သည် အသွေးနှင့်ငြင်း၊ လက်ချောင်းတို့သည် ဒုစရိုက်နှင့်ငြင်း ညစ်ညူးကြ၏။ ဒုစရိုက်ကြောင့် ဘုရားသခင်နှင့်ကွာ စေတော်မူပြီ။ (ဟေရှာယ၊၅၉း၂) အပြစ်တရားအားဖြင့် သေခြင်းတရား ဝင်သည်နှင့်အညီ၊ လူအပေါင်းတို့ သည် အပြစ်ရှိသောကြောင့် သေခြင်းသို့ ရောက်ရကြ၏။

ကျွန်ုပ်တို့သည် အပြစ်ရှိကြသောကြောင့် ဘုရားသခင်၏ ခွင့်လွှတ်ခြင်းကို ကျွန်ုပ်တို့ အထူးလိုအပ်ပါ သည်။ ကျွန်ုပ်တို့သည် လွတ်ငြိမ်းခြင်းအခွင့်မရလျှင် ထိုအပြစ်ကြောင့် ငရဲမီးအိုင်ထဲ၌ ထာဝရကာလ ဒုက္ခ ဆင်းရဲခြင်းကို ခံစားရပါလိမ့်မည်။

ကျွန်ုပ်တို့သည် လွတ်ခြင်းအခွင့်ကို မည်ကဲ့သို့ ရရှိနိုင်မည်နည်း?
ဝမ်းမြောက်စရာ သတင်းကောင်းမှာ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ၊ ဂရုဏာတရားနှင့် ပြည့်စုံတော် မူသော ဘုရားသခင်ဖြစ်သည်။ ၂ပေ၊၂း၉ တွင် "ထာဝရဘုရားသည် ဂတိတော်အရာမှာ နှေးတော်မမူ။ ငါတို့တွင် အဘယ်သူမျှ မပျက်ဆီးဘဲ၊ ရှိသမျှတို့သည် နောင်တရစေ ခြင်းငှာ အလိုတော်ရှိ၍ ငါတို့ကို သည်းခံတော်မူ၏" ဟုဖော်ပြထားသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ခွင့်လွှတ်ရန်အလိုတော်ရှိသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် လွတ်ငြိမ်းခြင်းအခွင့်ကို ရရှိရန် ဘုရားသခင် ပြင်ဆင်ပေးထားခဲ့သည်။

ရောမ၊ ၆း၂၃တွင် "အပြစ်၏အခကား သေခြင်းပေတည်း"ဟု ဖော်ပြထားသည်။
ကျွန်ုပ်တို့၏ အပြစ်များအတွက် တစ်ခုတည်းသော တရားစီရင်ခြင်းသည် သေခြင်းဖြစ်သည်။
ထာဝရသေခြင်းသည် ကျွန်ုပ်တို့၏အပြစ်တရား၏ အကျိုးသက်ရောက်မှုပင် ဖြစ်သည်။
သခင်ယေရှုသည် ဘုရားသခင်၏ အကြံအစည်တော်အတိုင်း လူ့ဇာတိကိုခံယူခဲ့၍(ယော၊၁း၁၄) ကားတိုင်ပေါ်တွင် အသေခံခြင်းအားဖြင့် ကျွန်ုပ်တို့နှင့် ထိုက်တန်သော တရားစီရင်ခြင်း သေဒဏ်ကို ယူ ဆောင်သွားခဲ့သည်။ (၂ကော၊၅း၂၁) တွင် အဘယ်ကြောင့်နည်းဟူမူကား ဘုရားသခင်သည် အပြစ်နှင့် ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ (ကော၊၁း၁၃) ထိုသားတော် ၏အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနှုတ်တော်မူခြင်းကျေးဇူးကို ငါတို့သည် ခံရ ကြ၏။ အကြောင်းမူကား "ငါတို့သည် ထိုသခင်အားဖြင့် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ် မည်အကြောင်းတည်း" ဟု ဖော်ပြထားပါသည်။

သခင်ယေရှုသည် ကားတိုင်တော်ပေါ်တွင် အသေခံ၍ ကျွန်ုပ်တို့ခံထိုက်သော ကျိန်ခြင်းများတို့ ကိုယူဆောင်သွားခဲ့သည်။ ဘုရားသခင်၏မျက်မှောက်၌ လောကီသားအားလုံးတို့၏ အပြစ်ဟူသမျှတို့ကို သခင်ယေရှု၏ အသေခံခြင်းအားဖြင့် လွတ်ငြိမ်းခြင်း အခွင့်ရရှိကြသည်။

၁ယော၊ ၂း၂ထဲတွင် "ထိုသခင်သည် ငါတို့၏ အပြစ်မက၊ လောကီသားအပေါင်းတို့၏အပြစ်ဖြေ စရာအကြောင်း ဖြစ်တော်မူ၏" ဟုဖော်ပြထားသဖြင့် မိတ်ဆွေအပါအဝင် လူခပ်သိမ်းအတွက် အပြစ်ဖြေရာ ဖြစ်၏။ (၁ကော၊၁၅း ၁–၂၈) သခင်ယေရှုသည် သေခြင်းမှထမြောက်၍ အပြစ်တရားနှင့် သေခြင်းတရား ပေါ်တွင် အောင်မြင်ခြင်း ရရှိကြောင်း ကြွေးကြော်ခဲ့ပါသည်။ သခင်ယေရှု အသေခံခြင်းနှင့် ထမြောက်ခြင်း အားဖြင့် ရောမ၊ ၆း၂၃(ခ)တွင် ဖော်ပြသောအကြောင်းအရာတို့သည် မှန်ကန်လှပေသည်။ "ဘုရားသခင် ပေးတော်မူသော ကျေးဇူးတော်ကား ငါတို့သခင်ယေရှုခရစ် အားဖြင့် ထာဝရအသက် ပေတည်း"။ ဘုရားသခင် ဘုန်းကြီးတော်မူပါစေသော်။ ဟာလေလုယ...။

မိတ်ဆွေသည် အပြစ်တရားမှ လွတ်ငြိမ်းခြင်းအခွင့်ကို ရယူလိုပါသလား?
မိတ်ဆွေသည် အပြစ်ဒုစရိုက်နွံထဲမှ မရုန်းထွက်နိုင်ဟု ခံစားနေရပါသလား?

မိတ်ဆွေသည် သခင်ယေရှု ခရစ်တော်ကို မိမိကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံလျှင် အပြစ်တရား အုပ်စိုးမှုနွံထဲမှ လွတ်မြောက်ခြင်းအခွင့် ရရှိမည်ဖြစ်ပါသည်။ ဖေက်၊ ၁း၇ ထဲတွင် "ခပ်သိမ်းသော သတိ ပညာတော်နှင့် လျော်ညီစွာ ငါတို့၌ အတိုင်းထက်အလွန် များလှစွာသော ကျေးဇူးတော်သည် ကြွယ်ဝ ပြည့်စုံသည်နှင့်အညီ၊ ထိုသားတော်၏ အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနှုတ် တော်မူခြင်းကျေးဇူးကို ငါတို့သည် ခံရကြ၏"ဟု ဖော်ပြထားသည်။ သခင်ယေရှုသည် ကျွန်ုပ်တို့၏ အပြစ် ကြွေးအားလုံးတို့ကို ပေးဆပ်ခဲ့သောကြောင့် ကျွန်ုပ်တို့သည် အပြစ်လွှတ်ခြင်း အခွင့်ရရှိသည်။

မိတ်ဆွေ – သခင်ယေရှုသည် မိတ်ဆွေ၏ အပြစ်ကြွေးများ အားလုံးကို လွတ်ငြိမ်းချမ်းသာခွင့် ရရှိရန် အသေခံသည်ဟု ယုံကြည်၍၊ သခင်ယေရှုအားဖြင့် မိတ်ဆွေအပြစ်များကို လွှတ်ခြင်းအခွင့် ရရှိရန် ဘုရား သခင်ထံ တောင်းလျှောက်ပါ။ သို့ပြုလျှင် ခွင့်လွှတ်တော်မူမည်။

ယော၊၃း၁၆–၁၇တွင်၊ "ဘုရားသခင်၏ သားတော်ကို ယုံကြည်သော သူအပေါင်းတို့သည် ပျက်ဆီးခြင်းသို့ မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌တပါးတည်းသော သားတော်ကို စွန့် တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။ လောကီသားတို့အား အပြစ်စီရင် ခြင်းငှာ ဘုရားသခင်သည် သားတော်ကိုဤလောကသို့ စေလွှတ်တော်မူသည်မဟုတ်။ လောကီသားတို့ သည် ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းသို့ရောက်မည်အကြောင်း စေလွှတ်တော်မူ၏"။

ဂလာတိ၊၅း၁ "သခင်ယေရှု ခရစ်တော်သည် ငါတို့ကို လွှတ်တော်မူသော လွှတ်ခြင်းအခွင့် တည်နေသဖြင့်၊ ကျွန်ခံရာထမ်းဘိုးကို ထမ်း၍ ချည်နှောင်ခြင်းကို တဖန်မခံကြနှင့်"။

ဤသည်ကား၊ လူ့ဘဝအသက်တာတွင် တန်ဘိုးမဖြတ်နိုင်သော အံ့ဩဘွယ် သတင်းစကား ဖြစ်ပါ၏။

အမှုတော်မြတ်၌၊–
ရီရီအေး



# ဤအခန်း The Room

ဘာသာပြန်သူ – John Ma

အိမ်မက်လိုလို၊ တကယ်ဖြစ်နေသလိုလို၊ ဝိုးတိုးဝါးတားနှင့် ကျွန်တော် အခန်းတခုထဲ ရောက်နေပါသည်။ ဤအခန်းသည် ထူးခြားမှုမရှိ ရိုးရိုးအခန်းပင် ဖြစ်သော်လည်း နံရံတဖက်တွင် ကြမ်းပြင်မှ မျက်နှာကျက်အထိ အညွှန်းကဒ်ပြား (index card) ဖိုင်တွဲများနှင့်သာ ပြည့်ကျပ်နေသည်။ စာကြည့်တိုက်တွင် ဘာသာရပ်ခေါင်းစဉ်၊စာရေးသူအမည်... စသည်တို့ကို အက္ခရာစဉ်အတိုင်း စံနစ်တကျထားသကဲ့သို့ ထိုကဒ်ပြားဖိုင်တွဲများကိုလည်း ခေါင်းစဉ်အမျိုးမျိုးဖြင့် စံနစ်တကျ စီထားသည်ကို တွေ့ရ၏။



နံရံအနီးသို့ ရောက်သွားသောအခါ၊ ဖိုင်တွဲတစ်ခုက ကျွန်တော့အာရုံကို ဆွဲဆောင်လိုက်သည်။ ထိုဖိုင်တွဲမှာ"ကျွန်တော်ကြိုက်နှစ်သက်ခဲ့သော မိန်းကလေးများ" ဖြစ်ပြီး၊ ဖိုင်တွဲတွင်ပါရှိသော ကဒ်ပြားများကို တစ်ခုပြီးတစ်ခု ကြည့်လိုက်သော အခါ ကျွန်တော်၏ ဖြစ်ရပ်တခုစီ၌ ပါဝင်ခဲ့သောမိန်းကလေးတစ်ယောက်စီ၏နာမည်ကို ရေးထားကြောင်း တွေ့ရှိလိုက်သဖြင့် တုံလှုပ် ခြောက်ခြားကာ ချက်ခြင်းပင် ပြန်ပိတ်လိုက်၏။

ပြောနေစရာ မလိုဘဲနှင့် ကျွန်တော် ဘယ်နေရာမှာ ရောက်နေသည်ကို အတိအကျ သိလိုက်၏။ ဖိုင်တွဲများနှင့် သာပြည့်နေ၍၊ သက်ဝင်မှု မရှိဟု ထင်ရသော ဤအခန်းသည် ကျွန်တော်၏ ဘဝတစ်သက်တာလုံး၏ ဖြစ်ပျက်လှုပ်ရှားမှုများကို စာရင်းဇယား (Catalog) ပြုစုထားသော ဖိုင်တွဲများထားသည့် အခန်း ဖြစ်နေသည်။ အချိန်တိုင်း၊ နာရီတိုင်း ကျွန်တော်၏ ပြုမူကျင့်ကြံ လုပ်ဆောင်ခဲ့သမျှတို့ကို ကြီးသည်ဖြစ်စေ၊ ငယ်သည် ဖြစ်စေ၊ ကျွန်တော်၏မှတ်ဉာဏ် မမှီနိုင် လောက်အောင်ပင် အသေးစိတ် မှတ်တမ်းတင်ထားသည်။

အံ့ဩခြင်း၊ ကြောက်ရွံ့တုန်လှုပ်ခြင်းနှင့်အတူ သိချင်လိုသောစိတ်ပြင်းပြစွာဖြင့် ဖိုင်တွဲများကို ကျပန်းလှန်ပြီး၊ အထဲတွင်ပါရှိသော အကြောင်းအရာများကို ဖတ်ကြည့်သည်။ အချို့အကြောင်းအရာများသည် ကျွန်တော်ကို ပြန်လည် ရယ်မောပျော်ရွှင်စေပြီး၊ ကြည်နူးလွမ်းဆွတ် အောက်မေ့ တသသ (Sweet Memories) ဖြစ်စေပါသည်။ အခြားအရာများမှာ ရှက်စရာကောင်းနေ၍၊ အလွန်ယူကြုံးမရဖြစ်ကာ၊ တစ်ဦးတစ်ယောက် ကျွန်တော့်ပုခုံးထက်မှ ကျော်ကြည့်၍ စောင့်ပြီးခိုးဖတ် နေမည်လားဟုပင် စိုးရိမ်မိပြန်သည်။"သူငယ်ချင်း"အမည်နှင့် ဖိုင်တွဲတစ်ခုက"ကျွန်တော်သစ္စာ ဖောက်ခဲ့သောသူငယ်ချင်းများ" ဖိုင်တွဲ အနားမှာ ရှိနေသည်။

သာမာန်ရိုးရိုးလေးမှ လျှို့ဝှက်ဆန်းကြယ် အံ့ဩဖွယ်အထိ ခေါင်းစဉ်အလိုက် အတိအလင်း ဖေါ်ပြ ထားသည့် ဖိုင်တွဲများက အစီအရီ...။

"ကျွန်တော်ဖတ်ခဲ့သောစာအုပ်များ"၊ "ကျွန်တော်ပြောခဲ့သောလိမ် ညာမှုများ"၊

"ကျွန်တော်ပေးခဲ့သောနှစ်သိမ့်မှုများ"၊ "ကျွန်တော်ရယ်ခဲ့သောပြက်လုံးများ" ... စသည်တို့သည် ရယ်မောစရာများ ဖြစ်ကြသော်လည်း "ကျွန်တော့်ညီအစ်ကိုတို့အပေါ်ဆူငေါက်ခဲ့သောအရာများ"၊ "ဒေါသထွက်စဉ်ပြုလုပ်မိခဲ့သောအရာများ" ၊ "မိဘအပေါ်မကြားတကြားနှင့်ငြူစူခဲ့သောအရာများ" တို့ကိုဖတ်ကြည့်သောအခါတွင်၊ကျွန်တော်မရယ်နိုင်တော့ပါ။ရေးထားသောအကြောင်းအရာများမှာလည်း အံ့ဩ၍ မကုန်နိုင်ပါ။ အချို့ဖိုင်တွဲများတွင် ကျွန်တော် မျှော်လင့်ထားသည်ထက် ကဒ်ပြား ပိုများနေ၍၊ အချို့မှာမူကား မှန်းထားသလောက် ပင်မရှိပါ။

ကျွန်တော့်ဘဝသက်တမ်း တစ်လျှောက်လုံး၏ မှတ်တမ်း သက်သက်သာဖြစ်သည့် များပြားလှသော ဖိုင်တွဲထုကြီးက ကျွန်တော့စိတ်ကို လုံးဝလွှမ်းမိုးထားသည်။ ထောင်သန်းချီ၍ များစွာသောကဒ်ပြား ဖိုင်တွဲ များကို အနှစ်(၂၀)အတွင်း ကျွန်တော် ရေးနိုင်ပါ့မလား ဟူသော သံသယ စိတ်များ ဝင်လာသည်။ ဘယ်လိုပင် ဖြစ်စေကာမူ ကျွန်တော်၏ ဖြစ်ရပ်အမှန်များ ဖြစ်ကြောင်း ခိုင်မြဲနေပါသည်။ ကဒ်ပြားတစ်ခုစီ၌ ပါဝင်သော ဖြစ်ရပ်တိုင်းသည် ကျွန်တော့်လက်ရေးနှင့် ရေးထားသည် သာမက၊ ကျွန်တော်ကိုယ်တိုင်လက်မှတ်ထိုးထားကြောင်းကို တွေ့ရ၏။

"ကျွန်တော်နားထောင်ခဲ့သောသီချင်းများ" ဖိုင်တွဲကိုဆွဲယူလိုက်သောအခါတွင်၊ကဒ်ပြားများမှာ ဝင်ဆန့်နိုင်သည်ထက် ပို၍များလွန်းနေသဖြင့် တင်းကျပ်စွာ ထုပ်ပိုးထားသည်ကို သတိပြုမိသည်။ နှစ်ကိုက်သုံးကိုက် အလွန်ထိ ဖိုင်တွဲအဆုံးကို မတွေ့နိုင်ပေ။ ကျွန်တော်နားထောင်ခဲ့သော သီချင်းပေါင်း အပုဒ် အရေ အတွက်သာမက အတိုင်းအဆမရှိ ဖြုန်းတီးခဲ့သောအချိန်ကို ပြန်လည်သိမြင်လာကာ၊ အရှက်ရစေ၍၊ ချက် ခြင်းပင် ပြန်ပိတ်လိုက်၏။

"တဏှာရမက်ပြင်းပြသည့်အတွေးအခေါ် "ခေါင်းစဉ်တပ်ထားသည့် ဖိုင်တွဲကို တွေ့လိုက်သောအခါ၊ ကျွန်တော် ကျောချမ်းကာ တကိုယ်လုံး အေးစက်သွားသည်။ ကဒ်ပြားမည်မျှ ပါသည်ကို မကြည့်ရဲတော့ဘဲ၊ ဖိုင်တွဲအနည်းငယ်သာ ဖွင့်ဟ၍ ကဒ်ပြားတစ်ခုကို ဆွဲထုတ်ပြီး ဖတ်ကြည့်လိုက်သည်။ ပါဝင်သောအကြောင်းအရာများက ကျွန်တော့်ကို တုံလှုပ်ခြောက်ခြား သွားစေသည်။ ဤမျှလောက် အသေးစိတ်သော အချိန်ကိုပင် မှတ်တမ်းတင်ထားသည်ကို စဉ်းစားမိသောအခါ ကျွန်တော် ဖျားချင်သလိုလို ဖြစ်သွားသည်။ ကျွန်တော်သည် ချက်ချင်းပင် တိရိစ္ဆာန်ရိုင်းကဲ့သို့ထောင်းခနဲဒေါသထွက်လာသည်။ မည်သူမျှ မသိအောင်ကဒ်ပြားများနှင့်အတူ ဤအခန်းကို ဖျက်စီးရန် ကျွန်တော့် ခေါင်းထဲသို့ အတွေး ဝင်ရောက်လာသည်။ ဖိုင်တွဲ၏အရွယ်သည် အရေးမကြီးတော့ဘဲ၊ အထဲရှိ ကဒ်ပြားများကို အကုန်ရှင်းသွား အောင် မီးရှို့လိုက်ချင်သည်။

ဒေါသမာန်ပါပါနှင့်အရူးကဲ့သို့ ဤဖိုင်တွဲများကို ဆောင့်ဆွဲလိုက်သည်။ သို့သော်လည်း ကဒ်ပြားတစ်ခုမျှ ၎င်း၏နဂိုမူလနေရာမှ မရွှေ့ပါ။ စိတ်မထိန်းနိုင်တော့ဘဲ ကဒ်ပြားတစ်ခုကို ဆွဲထုတ်ကာ ဆုတ်ဖြဲရန်ကြိုးစားကြည့်သည်။ မရပါ။ ကဒ်ပြားသည် သံမဏိကဲ့သို့ မာကြောခိုင်ခံ့နေသည်ကို တွေ့ရသဖြင့်ႇလက်မြှောက်အရှုံးပေးကာ ကဒ်ပြားဖိုင်တွဲကို နဂိုမူလနေရာမှာ ပြန်ထားလိုက်သည်။

သက်ပြင်းချ၍ နံရံကိုမှီလိုက်ရာ "ကျွန်တော်ဝေံဂေလိတရားဝေငှပေးခဲ့သောသူများ" ဖိုင်တွဲကို တွေ့လိုက်သည်။ ဤဖိုင်တွဲလက်ကိုင်သည် အခြားဖိုင်တွဲလက်ကိုင်များထက် ပို၍တောက်ပြောင်နေသည်။ အသုံး အလွန်နည်းသဖြင့် အသစ်စက်စက် နီးပါး ဖြစ်နေသည်။ ဤလက်ကိုင်ကို ဆွဲဖွင့် လိုက်သောအခါ သုံးလက်မအရွယ်ရှိသောဘူးလေးတစ်ခု ကျွန်တော့်လက်ထဲသို့ ကျလာသည်။ အထဲ၌ရှိသောကဒ်ပြားများကိုလက်တစ်ဖက်တည်းနှင့်ရေတွက်နိုင်၏။ ကျွန်တော်ရှက်လွန်းသဖြင့် မျက်ရည်ကျလာရာမှ ရှိုက်၍ငိုသည်

အထိ ဖြစ်လာသည်။ ငိုရှိုက်ရလွန်းသဖြင့် ကျွန်တော့် ဗိုက်နာလာသည်။ မျက်ရည်များနှင့် ပြည့်နေသော ကျွန်တော်၏မျက်စိထဲတွင် အတန်းလိုက်စီထားသော ဖိုင်တွဲစင်များသာ တဝဲလည်လည် ဖြစ်နေပါသည်။ မည်သူမျှ မသိ အောင် ဤအခန်းကို သော့ခတ်ပြီး သော့ကိုဝှက်ထားလိုက်မည်။

စီးကျနေသောမျက်ရည်ကို သုတ်လိုက်သောအခါ၊ ကျွန်တော်‘**သူ့**’ကို လှမ်းတွေ့လိုက်၏။ သခင်ခရစ်တော် မဖြစ်ပါစေနဲ့။ ဒီနေရာမှာ မရှိပါစေနဲ့။ အို … မည်သူ့ကို တွေ့ရတွေ့ရ၊ သခင်ခရစ်တော်ကို မူကား မတွေ့ဝံ့ပါ။ ကျွန်တော် ကြည့်နေစဉ်မှာပင်၊ သခင်ခရစ်တော်သည် ဖိုင်တွဲများဖွင့်၍ ကဒ်ပြားများ ကိုဖတ်နေသည်။ကျွန်တော် ဘာမျှ မတတ်နိုင်တော့ပါ။သခင်ခရစ်တော် အဘယ်သို့ တုံ့ပြန်လာမည်ကို ကျွန်တော်မှာ ခံနိုင်ရည်မရှိပါ။ အားတင်း၍ ကိုယ်တော့်မျက်နှာကို ကြည့်လိုက်သောအခါ၊ ကိုယ်တော် သည် ကျွန်တော် ထက်ပို၍ ဝမ်းနည်းကြေကွဲနေသည်ကိုတွေ့ရသည်။ ခရစ်တော်သည် အလိုလို သိနေ၍၊ ကျွန်တော်၏အဆိုးဆုံး ဖိုင်တွဲရှိရာသို့ တန်းသွားသည်ဟု ထင်မိသည်။ အဘယ့်ကြောင့်ကိုယ်တော် သည် ကဒ်ပြားတိုင်းကို ဖတ်ကြည့်နေရပါသနည်း။

အဆုံး၌၊ ကိုယ်တော်သည် ကျွန်တော်ရှိရာ ဖက်သို့လှည့်လာ၍ ကျွန်တော့်ကို ဂရုဏာဖြင့် ကြင်နာ စွာ ကြည့်နေသည်။ ဤသနားကြင်နာသော အကြည့်သည် ကျွန်တော့်ကို စိတ်မဆိုး စေပါ။ ကျွန်တော်သည်ခေါင်းငိုက်စိုက်ကျသွား၍ မျက်နှာကိုလက်နှင့်ဖုံးကာထပ်မံငိုပြန်သည်။ကိုယ်တော်သည် လျှောက်လှမ်းလာကာ ကျွန်တော့်ကို ပွေ့ဖက်လိုက်သည်။ ကျွန်တော့်ကို စကားများ ပြောဆိုနိုင်သော် လည်း၊ ကိုယ်တော်သည် စကားတစ်ခွန်းမျှ ဖွင့်ဟပြောဆိုခြင်း မရှိဘဲ၊ ကျွန်တော်နှင့် အတူတူ ငိုနေ၏။

**အမှု**

**ပြီးပြီ**

ထို့နောက် ကိုယ်တော်သည် ဖိုင်တွဲများထားသော နံရံဖက်သို့ လျှောက်သွားသည်။ အခန်းနံရံ၏ အစွန်းတစ်ဖက် မှစ၍ ဖိုင်တွဲကဒ်ပြား ကို တစ်ခုပြီးတစ်ခု ဆွဲယူကာ၊ ကျွန်တော်၏ လက်မှတ် အပေါ်တွင် သူ၏ နာမတော်ကို ရေးထိုးသည်။“မလုပ်ပါနှင့်–မလုပ်ပါနှင့်”ဟုအော်ပြောပြီး၊ ကိုယ်တော်ထံ တဟုန်ထိုးပြေးသွား၍ ကိုယ်တော့် နာမတော်လက်မှတ် မထိုးဖို့ရန် ကဒ်ပြားများကို ဆွဲယူလိုက်သည်။ ကိုယ်တော်၏ နာမတော် လက်မှတ်သည် ကျွန်တော့်ကဒ်ပြားများတွင် မရှိသင့်ပါ။

ကဒ်ပြားများအပေါ်၌ ထိုးထားသော ကိုယ်တော်၏နာမတော် လက်မှတ်သည် သူ၏အသွေး တော်ဖြင့်ရေးပြီး၊ နီရဲနေသည့်အပြင် အလွန်ပင်ထင်ရှားကာ အသက်ဝင်နေ၏။ ကိုယ်တော်၏ နာမ တော်သည် ကျွန်တော်၏လက်မှတ်ကို ဖုံးအုပ်လိုက် ပါသည်။ ကိုယ်တော်သည် ကျွန်တော့် လက်ထဲရှိ ကဒ်ပြားများကို ညင်သာစွာပြန်ယူကာ၊ ဝမ်း နည်းသောအပြုံးဖြင့် လက်မှတ် ထိုးပေးသည်။ တခဏ အတွင်းမှာပင်၊ ကျွန်တော့်ကဒ်ပြား အားလုံးကို လက်မှတ်ထိုးပြီး သွား၏။ အဘယ်ကြောင့် ဤမျှ မြန်ဆန်သည်ကို ကျွန်တော် နားမလည်နိုင်ပါ။ ကိုယ်တော်သည် နောက်ဆုံးဖိုင်တွဲကို ပိတ်လိုက်ပြီး၊ ကျွန်တော့်ထံသို့ လျှောက်လာကာ၊ ကျွန်တော် ပုခုံးပေါ်သို့ လက်တင်၍၊ “ **အမှုပြီးပြီ** ” ဟု မိန့် တော်မူသည်။ ကျွန်တော် မတ်တပ်ရပ်လိုက်သည်နှင့် ကိုယ်တော်သည် ရှေ့မှလမ်းပြကာ…၊

ဤအခန်းမှ ထွက်ခဲ့၏။
ဤအခန်းတံခါးသည် သော့ခတ်ထားခြင်း မရှိ။
ဤအခန်းထဲ၌ ဖိုင်တွဲကဒ်ပြားများ ဆက်လက်ရေးသား နေဦးမည်သာ…။ ။

✳ မှတ်ချက် –New Attitude Magazineမှ Joshua Harris၏ဆောင်းပါးကိုဘာသာပြန်ဆိုသည်။ ✳

# ကယ်တင်တော်မူခြင်းနှင့် သက်ဆိုင်သောဂါထာတော်များ

အပြစ်တရား၏အခကား
သေခြင်းပေတည်း။ ဘုရားသခင်
ပေးတော်မူသော ဆုကျေးဇူးတော်ကား၊
ငါတို့သခင်ယေရှုခရစ် အားဖြင့်
ထာဝရအသက်ပေတည်း။

**ရော၊ ၆း၂၃**

---

ယေရှုခရစ်ကို သေခြင်းမှ ထမြောက်
စေတော်မူသော အားဖြင့်၊
ကြီးစွာသောကရုဏာတော်နှင့်အညီ
ငါတို့ကိုတဖန် ဖြစ်ဘွားစေတော် မူ၏။

**၁ပေ၊၁း၃**

---

ဘုရားသခင်၏သားတော်ကို
ယုံကြည်သောသူ အပေါင်းတို့သည်
ပျက်စီးခြင်းသို့မရောက်၊
ထာဝရအသက်ကို ရစေခြင်းငှါ၊
ဘုရားသခင်သည် မိမိ၌တပါးတည်းသော
သားတော်ကို စွန့်တော်မူသည်တိုင်အောင်
လောကီသားတို့ကို ချစ်တော်မူ၏။

**ယော၊ ၃း၁၆**

---

ယုံကြည်သောအားဖြင့် ကျေးဇူးတော်
ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။
ကိုယ်အလိုအလျောက်ရောက်သည်မဟုတ်
ဘုရားသခင်သနားတော်မူရာဖြစ်သတည်း။
ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူ
ခြင်းသို့ ရောက်သည်မဟုတ်။
သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာ
အခွင့် မရှိ။

**ဧ၊ ၂း၈၉**

---

အဘယ်သို့နည်းဟူမူကား သင်သည်
သခင်ယေရှုကို နှုတ်ဖြင့် ဝန်ခံ၍၊
ဘုရားသခင်သည် သူ့ကို သေခြင်းမှ
ထမြောက်စေတော်မူပြီဟု
စိတ်နှလုံးထဲ၌ ယုံကြည်လျှင်
ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။

**ရော၊ ၁၀း၉**

---

ငါတို့သည် အပြစ်ရှိစဉ်ပင် ခရစ်တော်သည်
ငါတို့အတွက်ကြောင့် အသေခံတော်မူ
သည်ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကို
အဘယ်မျှ လောက်ချစ်တော်မူသည်ကို
ငါတို့အား ထင်ရှားစွာ ပြတော်မူ၏

**ရော၊ ၅း၈**

---